မူကြမ်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုလွှတ်တော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

၁၃ ခုနှစ်၊ လ ရက်

၂၀ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂၀** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပုဒ်မ ၁၂ နှင့် ၁၃ တို့အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် ပုဒ်မ ၁၈ ပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် သက်တမ်းကာလ သတ်မှတ်၍ ဖွဲ့စည်းတာဝန်ပေးရမည်။ ထိုသို့ သတ်မှတ်သည့် သက်တမ်းကာလသည် ၉ လထက်မပိုစေရ။ "

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) အခန်း(၄)ခေါင်းစဉ်ပါ **" တာဝန်နှင့် လုပ်ပိုင်ခွင့်များ " ဆိုသည့် စကားရပ်ကို "ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။**

(ခ) အခန်း(၆)ခေါင်းစဉ်ပါ **" တာဝန်နှင့် လုပ်ပိုင်ခွင့်များ " ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။**

၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၂၁** ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ (က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀ ပါ သက်တမ်းနှင့်အညီ ထိုက်သင့်သည့် လစဉ် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်